ရွှေသစ္စာ စာပေ

# ဆွမ်းစားလာပင့်တဲ့ ဥစ္စာစောင့်အမှာ ညီအစ်မ

# နှင့်

# ဆန်းကြယ်ဖြစ်ရပ်မှန်များ



ဝိဝါထင်လင်း

စေတနာအမှာ -

## "သက်ရှိထင်ရှား အနန္တကျေးဇူးရှင် ချစ်မေမေအား ဤစာအုပ်နှင့်အတူ စာအုပ်အတွင်းပါ" "ဘီလူးလေးက တင်းပုတ်ထမ်းပြီးစောင့်နေတယ်" စာစုလေးဖြင့် အမှတ်တရ ကန်တော့လိုက်ပါ၏

**(စာရေးသူ)**

ဘဂ-ရသ-သရုပ်ဖော် စာပေများရေးသားနေရာမှ - ဖိုးဖိုး၊ ဖွားဖွား၊ ဖေဖေ၊ မေမေ၊ ဦးကြီး၊ ဒေါ်ကြီးတို့ ပြောပြခဲ့သော ကိုယ်တွေ့ဖြစ်ရပ်ဆန်းကြယ်များ စာရေးသူကိုယ်တိုင်၊ ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆန်းကြယ်များကို စာပေချစ်သူများအတွက် မျှဝေခြင်းပါ။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဖော်ပြပြီးခဲ့သော စာစုများကိုစုစည်းထုတ်လိုက်ခြင်းလည်းဖြစ်ပါသည်။

ဆန်းကြယ်ဖြစ်ရပ်မှန်များဆိုတာ ဂမ္ဘီရ နွယ်စာပေ အမျိုးအစားများဖြစ်ပါသည်။ ဂမ္ဘီရလို့ ဆိုလိုက်တာနဲ့ - သရဲ၊ တစ္ဆေ၊ စုန်းကဝေ၊ ဥစ္စာစောင့် ချည်း ပြောမရပါ။

စာပေကိုချစ်၊ စာပေကို တန်ဖိုးထား၊ စာပေကို စိတ်ဝင်စားသူ စာပေချစ် ပရိတ်သတ်များမှ လည်း ကိုယ်တွေ့ဆန်းကျယ် ဖြစ်ရပ်မှန်များကြုံတွေ့ဘူးကြမှာ အမှန်ပါ။ အနည်းနဲ့အများ တိုက်ဆိုင် မှုလည်းရှိတတ်ပါတယ်။

အချိန်ကာလတစ်ခုမှာ နက်နက်နဲနဲ ရေးခွင့်မရခဲ့ဘဲ ဖြုတ်ခြင်း၊ ပယ်ခြင်း

အဖြစ်ရောက်ရှိခဲ့ ရတဲ့ စုလေးများပါ ထုတ်ဖော်ခွင့်ရတာ မို့ ကျေနပ်စရာပါ။ နက်နက်နဲနဲ အဆန်းတကြယ်ဖြစ်ရပ်များ ကို ဂမ္ဘီရဟုလို့ ဆိုကြပြန်တာပါ။ တချို့ တချို့သူများက ဂမ္ဘီရ စာပေရေးသားသူများကို ရှုံ့ချပြော ဆိုကာ တွေ့ဘူးကြုံဘူးကြမှာပါ။ သူတို့ကိုယ်၌ က ဂမ္ဘီရ ဆန်နေတတ်ပါတယ်။

အရမ်းကာရော ဇွတ်ကြီးကြိတ်မှတ်ပြီး အခိပ္ပါယ်မရှိ စိတ်ကူးယဉ်ပြီးဖြစ်ပြီး ဂမ္ဘီရလောက နယ်ပယ်အကြောင်း ရေးသားသူ အမှန်မရှိပါ။ ရှိခဲ့ရင်တောင် နည်းပါးလိမ့်မည်။ သိကြုံ ကြားတွေ့ များကိုသာ စာဖတ်သူ ဖတ်ချင်စဖွယ်ဖြစ်အောင် ရသမြောက်စွာ ကြိုးစားပြီး ရေးသားတာရှိပါတယ်။ ထူးဆန်းအံ့ဩဖွယ်ရာများကို ထပ်ဆင့် မျှဝေတာပါဘဲ။

"ကျွန်တော်ကတော့ ဂမ္ဘီရ စာရေးစရာကြီးတွေကို အထင်ကိုမကြီးတာ အခိပ္ပါယ်မရှိလို့ ဘာကိုမျှ ဆုမတောင်းဘူးဗျ"

ဆရာတစ်ယောက် ကျွန်မကို ပြောလာတာပါ။

"ဒါဆို ဆရာကို ကျွန်မတစ်ခုမေးမယ်၊ ဆရာအိမ်နေရာဝန်းကျင်မှာ ဥပမာ မီးအကြီး အကျယ်လောင်တယ်ဆိုပါစို့ သိစိတ်နဲ့ ဆုမတောင်းပေမယ့် မသိစိတ်ကတော့ ငါ့အိမ်မီးမကူးပါ စေနဲ့၊ မလောင်ပါစေနဲ့လို့ ဆရာဆုတောင်းနေမှာပါဘဲ မငြင်းပါနဲ့။ နောက်တစ်ခု ဆရာ သိပ်ချစ်ရတဲ့ သမီးလေးများ ဖျားနာရောဂါ သေကောင်ပေါင်းလဲ ဖြစ်နေရင်ရော ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ ဘုရားရှေ့မှာ သမီးလေးရောဂါပျောက်ရေး၊ အသက်ရှင်ရေးကို ဆရာဆုမတောင်းဘဲ နေမှာလား"

ဒီဆရာငြင်းပြီး ဘာမှမပြော ငြိမ်လို့ရယ်ပါ။

သေသူတို့ဘဝကူး၊ အစွဲတွေကြောင့် မကျွတ်မလွတ်ဖြစ်ကြရ၊ ဒါကို အသက်ရှင်နေသူတို့ က အလှူဒါန မေတ္တာပို့ အမျှဝေဆိုတာ လုပ်နေကြရတာ ပါ။

ဗုဒ္ဓဘာသာမှမဟုတ်ပါ။ အခြားဘာသာ အယူရှိသူများလည်း

အမျှဝေခြင်းဆိုတာ မရှိပေ မယ့် အလှူဒါန ကျွေးမွေးပြီး ဆုတောင်းပွဲများ ပြုလုပ်ကြပါတယ်။

မကျွတ်မလွတ်ခင် စပ်ကြား အနည်းနဲ့အများ တွေ့ကြုံကြရပါတယ်။ တစ်ဖက်စောင်းနင်း မပြောသင့်ဘူး ထင်ပါတယ်။

လူ့လောက လူ့ဘ၀ နယ်စုံပယ်စုံမှာ ဖြစ်ပျက်သမျှ ထူးခြားဆန်းကြယ်များကို ကျွန်မ ဝါဝါ ထင်လင်းလည်း ရေးပြီး မျှဝေတာကို ဘယ်လိုများ သုံးသပ်ဝေဖန်ကြပါဦးမလဲဆိုတာ.........။

**စေတနာဖြင့် မျှဝေသူ**

**ဝါဝါထင်လင်း**

**၁၇.၁၂.၂၀၁၃ (အင်္ဂါနေ့)**

***

# ဘာကြောင့်ပါလိမ့်
# သိချင်တယ်



# ဘာကြောင့်ပါလိမ့်သိချင်သည်

၁၉၆၂ ခုနှစ်၊ ပြင်ဦးလွင်မြို့မှာနေစဉ် အချိန်ကာလ၊ မမေ့နိုင်အောင် မှတ်မှတ်ရရရှိခဲ့သည့် အဖြစ်အပျက်ကလေးတစ်ခုကို သွားလို့ သတိရမိသည်။

ကျွန်မတို့နေသည့် တိုက်အိမ်၏ ခပ်လှမ်းလှမ်းတွင် မေမြို့၊ အခု ပြင်ဦးလွင်နှင့် လားရှိုး မီးရထားသံလမ်းရှိနေသည်။ ကျွန်မတို့နေသည့် တိုက်အိမ်လေးတွေမှာ တစ်ထပ်တိုက်ဆင်တူလေး တွေဖြစ်သည်။ ယခုအခေါ်အတိအကျ မသိသေးသော်လည်း ကျွန်မတို့နေစဉ်အချိန်က ယူဂိုဆလပ် တိုက်အိမ်လေးတွေဟု ခေါ်ဆိုကြပါသည်။ ထိုအိမ်ကလေးတွေက အသစ်ဖြစ်ပြီး အိမ်တိုင်းလိုလို မြေကွက်လပ်များတွင် ဒေလီယာ၊ နှင်းဆီ၊ ပဲပန်း (Sweet Peace) သစ္စာပန်းစသဖြင့် ပန်းမျိုးစုံ အောင် စိုက်ထားကြသည်။ ရောင်စုံပန်းမျိုးစုံတို့ကြားမှ တိုက်အိမ်ဆင်တူတွေသည် ချစ်ရာကောင်း လှပါသည်။

တိုက်အိမ်နောက်ဘက် မြေကွက်လပ်မှာတော့ သီးနှံစိုက်ခင်းလေးတွေရှိသည်။ အများဆုံး စိုက်တတ်သည်က စတော်ဘယ်ရီသီး ပင်လေးတွေပင်။ အပင်လေးတွေ တစ်ထွာသာသာ အုပ်အုပ်ဖားဖားဖြစ်လာသည်နှင့် ကျွန်မတို့မောင်နှမတွေ စတော်ဘယ်ရီပင် ပုသေးသေးလေးတွေ ကြား အလုပ်ရှုပ်နေတတ်ကြပါသည်။ စတော်ဘယ်ရီသီးနီနီလေးတွေက အရွက်တွေကြားမှာ အပုန်း တော်သည်။ လူကြီးတွေမသိအောင် ခိုးပြီး ခူးစားရသည်မှာပျော်စရာ။ သူ့ထက်ငါ အပြိုင် အရွက်တွေကိုဖယ်ရှား အလုအယက် ခူးစားတတ်ကြသည်မှာ မမောနိုင်ပါ။

စတော်ဘယ်ရီခင်း၏ နောက် ခပ်လှမ်းလှမ်း ရထားသံလမ်းမရောက်ခင်ကြားမှာ ဂျပန်ခေတ် ဗုံးကျင်းကြီးတစ်ခုရှိသည်။ ဗုံးကျင်းကြီးထဲတွင် သံချပ်ကာကားတစ်စီး မှောက်ကျနေသည်။ ဗုံးကျင်း ကြီး၏ အလယ် မြက်ပင်တို့ကြား သံချပ်ကာကားကြီးပေါ် ကျွန်မတို့မောင်နှမတွေ

တက်ကစားနေကျ ဖြစ်သည်။ ကျွန်မတို့ နေသည့် ဝန်းကျင်တစ်ဝိုက် သည်လိုဗုံးကျင်းမျိုး သုံးလေးကျင်းရှိသည်။ ကျွန်မတို့ကျောင်း စိန့်ဂျိုးဇက် (ယခု အမှတ်-၃ အထကကျောင်း)အနီးတစ်ဝိုက်တွင်လည်း ဗုံးကျင်း တွေရှိသည်။

အိမ်တိုင်းကထွက်လာသည့် အမှိုက်တွေကို အဲသည်ဗုံးကျင်းထဲ ပစ်ထည့်တတ်ကြသည်။ ပေါက်နေသည့်မြက်ပင်တို့က ကျွန်မတို့ကလေးတွေထက် တစ်ရပ်ကျော်မြင့်သည်။ မြွေမကြောက်၊ ကင်းမကြောက် ကလေးတိုင်း ဗုံးကျင်းထဲဆင်းကစားကြသည်။ တူတူဝင်ပုန်းကြသည်။

"ဟာ....ပုပ်စော်နံတယ်၊ ပုပ်စော်နံတယ်၊ သံချပ်ကားထဲမှာ လူသေကောင် ရှိတယ်ထင် တယ်ဟ၊ အပေါ်ပြန်တက်၊ အပေါ်ပြန်တက်"

တစ်ယောက်က အော်လိုက်သည်နှင့် ဆင်းကစားနေသည့် ကလေးအားလုံး သူ့ထက်ငါ အလုအယက် ကုတ်ဖွဲ့ တွယ်တက်ပြီး ပြေးကြလေသည်။ ကြောက်တာကိုး။

အပုပ်နံ့က တော်တော်ပြင်းသည်။

"ဟဲ့..... ဂျပန်လူသေကြီးလား မသိဘူးနော်"

"အေး.... ဖြစ်နိုင်တယ်ဟ၊ လာ......လာ.....ဟို....ပန်းပင်စိုက်နေတဲ့ ဦးလေးကြီးကို သွားပြောရအောင်"

ပဲပန်း (Sweet Peace)စိုက်ရန် ဝါးခြမ်းဖြာနေသည့် ဦးလေးကြီးနားရောက်တော့ သူပြော၊ ငါပြောဆိုသည့် ဟန်အမူအရာ မျက်စမျက်နလေးတွေနှင့် ရှိနေကြသည်။ အသံက ထွက်မလာ။

"ဟဲ့.....ကလေးတွေ။ ဒီနား ဘာလာလုပ်တာလဲ"

"ဟို.....ဟို.....ဗုံးကျင်းထဲက ပုပ်ဆော်နံလို့ဗျ"

"သံချပ်ကားထဲမှာ ဂျပန်လူသေကောင်ရှိတယ်ထင်တယ်"

"ဟုတ်တယ် ဦးလေး၊ သမီးတို့လည်း လူသေကောင်ပုပ်နံ့ရတယ်"

တစ်ယောက်တစ်ပေါက် သူ့ထက်ငါအရင် ထင်ရာကို လုပြောကြသည်။

"ဟာ....ဒီကလေးတွေ တောက်တီးတောက်တဲ့၊ ဂျပန်လူသေကောင်က ဒီအချိန်ထိ ပုပ်စော်နံပုံ့မလားဟ၊ အထဲသေနေလည်း အရိုးစုတောင် ရှိပါတော့မလား"

"အဲဒါတော့ သမီးတို့လည်းမသိဘူး ဦးလေးရဲ့။ ပုပ်စော်နံတာကတော့ အရမ်းနံနေတာပဲ"

"အေး..... နောက် အဲဒီ နား သွားမကစားကြနဲ့။ မင်းတို့ ကလေးတွေ မကစားစေချင်လို့ အပုပ်နံ့ပေးတာပဲဖြစ်မယ်။ အပုပ်နံ့ပေးတာလောက်နဲ့ တော်သေးတာပေါ့။ မင်းတို့ ပါးရိုက်မလွှတ်တာ ကံကောင်း၊ ဂျပန်တွေက ပါးရိုက်ကြမ်းတယ်"

ဦးလေးကြီးပြောစကားကြောင့် ကျွန်မတို့ မောင်နှမတွေနှင့် အတူ ကစားဖော်အားလုံး မျက်လုံးတွေ ကလယ်ကလယ်နှင့် ကြောက်စိတ်တွေဝင်လာသည်။

***

ဗုံးကျင်းထဲ သွားမကစားရဲကြတော့ဘဲ ကစားနည်းပြောင်းကြသည်။ အိမ်ရှေ့လမ်းဟိုဘက် စပ်မှာ သိကြားသီးပင် ရှိသည်။ သိကြားသီးပင်ပေါ် တက်ဆော့ကစားကြသည်။ နွေရာသီကျောင်း ပိတ်ရက် ကစားနည်းမျိုးစုံ ပြောင်းကစားနေကြပေမယ့် ဗုံးကျင်းထဲ ဆင်းကစားတာလောက် ပျော်စရာမကောင်းဖြစ်နေသည်။

"ဟဲ့.....ငါ နင်တို့ကို ပြောစရာရှိတယ်"

"ငါတို့အားလုံး ဗုံးကျင်းကြီးထဲကိုပြန်သွားကစားကြရအောင်၊

ပုပ်စော်နံသေးလားဆိုတာ လည်း ငါသိချင်တယ်ဟ"

ကစားဖော်အားလုံးထဲက မောင်မောင်က အကြီးဆုံးလေးတန်းကျောင်းသားဖြစ်နေပြီး ဘာကစားကစားသူ့ကို ဆရာတင်ရသည်။ ခု ....သူက ဖုံးကျင်းကြီးထဲ ပြန်သွားကစားကြရန် ဆို သည်။ အားလုံးကလည်း သဘောတူကြသည်။

"နေဦး...... ငါလည်း ပြောစရာရှိတယ်"

မောင်မောင်၏ ညီ မင်းမင်းက ပြောလိုက်ခြင်းပင်။

"ဘာပြောမှာလဲ နင်က"

မင်းမင်း စဉ်းစားနေသည်။ ကျွန်မက စိတ်မရှည်။

"ငါ ညက အိပ်မက်မက်တယ်။ ဖုံးကျင်းကြီးထဲက သံချပ်ကာ ကားပျက်ကြီးထဲမှာ ဂျပန်စစ်သား တစ်ယောက်ယောက်နေတယ်၊ သူက ငါတို့ကို လာကစားပါတဲ့။ သူတစ်ယောက် တည်းပျင်းနေတာ၊ အပုပ်နံ့လည်း မပေးတော့ပါဘူးတဲ့"

သူ့အပြောကို ကစားဖော်အားလုံး ပါးစပ်လေးတွေစေ့ မျက်လုံးလေးတွေ အပြူးသားနှင့် နားထောင်နေကြသည်။

"အမလေး...... ငါတို့တော့ မလိုက်ရဲတော့ဘူး၊ ကြောက်တယ်၊ ဟိုဦးလေးပြောသလို ပါးရိုက်လွှတ်ရင် ဒုက္ခ"

အဲဒီ မှာ ကျွန်မတို့ ကစားဖော်တွေ အဖွဲ့ကွဲသွားသည်။ မိန်းကလေးသက်သက် ယောကျ်ားလေးသက်သက် ဖြစ်သွားသည်။

ကျွန်မတို့ မိန်းကလေးငါးယောက် မီးရထားသံလမ်းကကောက်ထားသည့် အရွယ်တူ ကျောက်ခဲတွေနှင့် ဖယ်ခုတ်တမ်း ကစားကြသည်။ အိမ်ဘေးနား ချယ်ရီပင်တွေအောက်မှာ အရိပ် ကောင်းတော့

အရိပ်ထဲမှာပင် ဖယ်ခုတ်လိုက်ကြ၊ ဖယ်ခုတ်တာ ပျင်းတော့ ဖန်ခုန်လိုက်ကြနှင့် ရှိနေသည်။

လူကြီးတွေအားလုံးကလည်း ဒီဝန်းကျင်တစ်ဝိုက်တွင် ကစားနေသည်မို့ စိတ်ချလက်ချရှိ သည်။ ကစားရတာ မောရင်းဖြင့် နီးစပ်ရာအိမ်ကိုဝင်ပြီး ရေတောင်းသောက်တတ်ကြသည်။ မကစား ရင်လည်း အရိပ်ထဲထိုင် ရုပ်ရှင်အကြောင်းပြော၊ စကြနောက်ကြနှင့်ပင်၊ ညနေစောင်း မှောင်ရီပြိုးလို့ လူကြီးတစ်ယောက်က အိမ်မှ ထွက်၍ -

"ဟဲ့……ကလေးတွေ အိမ်ပြန်ကြသေးဘူးလား။ မှောင်လာပြီ၊ အိမ်ထဲဝင်ကြတော့"

"ဟုတ်ကဲ့"

ဟုသာ သံပြိုင်အော်လိုက်ကြပေမယ့် အစမသတ်နိုင်ကြ။

"ဟဲ့….ကလေးတွေ နေဝင်ရီတရော အပြင်မှာ မကစားကြနဲ့တော့လေ၊ ချော်ပြုလဲရင် မကောင်းဘူး၊ အပမှီနေမယ်"

"ဟုတ်ကဲ့"

ထုံးစံအတိုင်း လူစုမခွဲနိုင်ကြသေး။

"အပမှီတယ်ဆိုတာ ဘာလဲဟဲ့၊ မောင်မောင် နင်သိလား"

"သရဲကပ်တာ ပြောတာဟ၊ ခုလိုချိန်ဆို သရဲတွေက လျှောက်သွားနေကြတာတဲ့၊ အဘွား ပြောတာပဲ"

ပြောရင်း တစ်ယောက်နှင့်တစ်ယောက် ပူးကပ်သွားကြသည်။

ကစားသည့်နေရာနှင့် ကျွန်မအိမ်ကနီးတော့ တော်သေးသည်။

'ပုလဲကို'အိမ်က အတော်လှမ်းသောကြောင့် -

"ဟဲ့….. နင်တို့အားလုံး ငါ့ကို လိုက်ပို့နော်၊ ငါတစ်ယောက်တည်း မပြန်ရဲတော့ဘူး"

အားလုံးညီသည်။ ပါးစပ်ထဲရသည့် စစ်သီချင်းတွေ သံပြိုင်အော်ဆိုပြီး ပုလဲကို အိမ်ကို လိုက်ပို့ ကြသည်။ မနက်ဖြန်ကစားဖို့အတွက်လည်း ကြိုချိန်းလိုက်ကြသည်။

"နင်တို့မိန်းကလေးတွေအားလုံး မနက်ဖြန် ငါတို့နဲ့ ဖုံးကျင်းထဲလိုက်ခဲ့နော်၊ ပုပ်စော်မနံ တော့ဘူး။ နင်တို့ကို ပြစရာရှိတယ်"

"ဘာလဲဟ"

"မနက်ဖြန်ကျမှ သိရမှာပေ့ါ၊ကြိုမမေးနဲ့"

ဘာများပါလိမ့်။

***

နောက်နေ့ ညနေပိုင်း လူစုတော့ -

"မင်းမင်းရော မောင်မောင်"

"ဒီကောင် အိမ်မှာ ဖျားနေတယ်။ ဘာတွေမှန်းလဲ မသိဘူးဟာ၊ ကယောင်ချောက်ချားနဲ့ သူယောင်တဲ့စကားတွေ အဖေနဲ့အမေလည်း နားမလည်ဘူး"

ဆော့ဖို့ကစားဖို့လောက်သာ စိတ်သန်တဲ့ ကျွန်မတို့တစ်တွေ မောင်မောင့်စကားကို အရေး မထားကြဘဲ မပြောမဆို ဖုံးကျင်းကြီးရှိရာသို့ သူ့ထက်ငါ ဦးအောင်ပြေးကြသည်။

ဖုံးကျင်းကြီးနားရောက်ပြန်တော့ သံပတ်ကုန်သွားတဲ့ စက်ရုပ်တွေလို မတ်တတ်လေးရပ်ပြီး ဖုံးကျင်းကြီးထဲက သံချပ်ကာကားကြီးကိုစိုက်ကြည့်နေမိကြသည်။ အသီးသီး ကြောက်စိတ်တွေ

ဝင်လာသည်။ စကားသံတွေ ဆွံ့အနေကြသည်။ ဘာကိုကြောက်မှန်းလဲမသိ။ ဒါပေမဲ့ မျက်စိထဲ ဂျပန် စစ်သား တစ်ယောက် သံချပ်ကားပေါ် ငုတ်တုတ်ထိုင်နေတာကို သွားမြင်မိသည်။ ဂျပန်စစ်သား လည်း အပြင်မှာ သေချာမြင်ဖူးတာမဟုတ်။ ဓာတ်ပုံတွေ၊ ရုပ်ရှင်တွေထဲ ဂျပန်စစ်သားကို ကောက်ယူ ဆွဲတွေး မြင်လိုက်ခြင်းပင်။ ငုတ်တုတ်ထိုင် ရှေ့တူရူကို ကြည့်လို့ ငေးဆွေးနေသည်။

"ဟောတော်.....တကယ် မြင်လိုက်ရသလိုပါလား"

မျက်စိကို ပွတ်သပ်သေချာကြည့်မိသည်။ အဲ.....မရှိတော့ပါ။ စိတ်ထဲကထင်သည်ပဲ ဖြစ်ပါ လိမ့်မည်။

နှာခေါင်းလေးတွေ ပွချည်ရှုံ့ချည်ဖြင့် အပုပ်နံ့များရမလားလို့ လိုက်ရှူကြည့်ကြသည်။ အပုပ်နံ့မရပါ။

"ဟဲ့ ..... ဘာလုပ်နေကြတာလဲ၊ ဆင်းကြတော့လေ"

မောင်မောင် အသံကြားတော့ အားလုံး ပြိုင်တူဆင်းရန် ဟန်ပြင်လိုက်ကြသည်။

"မောင်မောင်..... နင် ငါတို့ကို ပြစရာရှိတယ်ဆို၊ အဲဒါ..... ဘာလဲ"

"သံချပ်ကာ ကားထဲမှာဟ၊ နင်တို့ဆင်းမှ ငါ ပြလို့ရမှာပေါ့"

"မင်းမင်းတောင် တစ်ခုယူသွားတယ်"

"ဘာကို ယူသွားတာလဲဟဲ့ နင်းကလဲ"

"ဂျပန်တွေဆောင်းတဲ့ဦးထုပ်ပါဟာ"

မောင်မောင်က ပေါ့ပေါ့ပါးပါးပြော အောက်ဆင်းပြီး သံချပ်ကာကားအပေါက်ထဲ ဝင်သွား သည်။ သူကတော့ တကယ်သိတ္တိခဲပင်။ ကြောက်စိတ် လုံးဝမရှိပါ။

ကျန်သူတွေမှာ ဂျပန်စစ်သားသရဲများ ဘယ်အပေါက်က ထွက်လာမလဲဟု အတွေး ကြောက်စိတ် တွေနှင့်။ ဦးလေးကြီးပြောသလို ပါးအရိုက်ခံရမှာလည်း ကြောက်နေမိသည်။

"အား....အား.....လာ.....လာ...."

"ဟဲ့.... မောင်မောင် ဘာဖြစ်တာလဲ၊ နင်ကလည်း အော်လိုက်တာ"

"အား......"

မောင်မောင်ရှုံ့ရှုံ့မဲ့မဲ့နှင့် အထဲကထွက်လာသည်။ လက်ထဲမှာ ပစ္စည်းတစ်ခုပါလာသည်။

"ဟယ်..... ပါးမှာလည်း အစင်းရာကြီးနဲ့"

"ဟဲ့.... နင် ဘာဖြစ်လာတာလဲ၊ ဂျပန်သရဲ ပါးရိုက်တာလား"

"ဟာ..... မဟုတ်ပါဘူး၊ ဒါကို ညပ်နေလို့ ဆွဲထုတ်ယူတာ အားလွန်ပြီး မှောက်လဲတာ။ ဘေးနားကသံနဲ့ ခြစ်မိတာပါဟာ။ ဘယ်က ဂျပန်သရဲ ပါးရိုက်မှာလဲ။ ငါ့ပါးကို တစ်ချက်ရိုက်ရင် ငါကဆယ်ချက်ပြန်ရိုက်ပစ်မှာပေါ့ဟ၊ အလကားလျှောက်ပြောနေတာ"

"သံနဲ့ခြစ်မိတာကလည်း လက်ချောင်းရာလိုပဲ"

"ရော့.....ဒီမှာ နင်တို့ကိုပြမယ့်ဟာ"

"အမလေး .......ဘာများလဲလို့"၊ လက်ကိုင်ပါဝါအဖြူများ ဆန်းတာကျနေတာပဲ"

ပုလဲကိုက အပျိုကြီးဂိုက်ဖမ်းပြီး ဟန်နှင့်ပန်နှင့် မထူးဆန်းသလို ပြောလိုက်သည်။

လက်ကိုင်ပဝါမှာ အဖြူရောင်မှသည် ဝါကျင့်ကျင့်အရောင်ဖြစ်နေပါပြီ။

ထောင့်စွန်းလေးတွေ တောင် စုတ်ဖွာနေသည်။

"ဂျပန်စစ်သားတွေကိုင်တဲ့ လက်ကိုင်ပဝါမို့ တခြားသူတွေ မြင်ဖူးတယ်ရှိအောင် ပြမလို့ပေါ့ ဟ၊ မနေ့ကတည်းက သွားထုတ်ယူတာ မရလို့၊ ဦးထုပ်ကတော့ မင်းမင်းဆီမှာ"

ကျွန်မတို့ကလေးတွေ ဒီသံချပ်ကာကားကြီးပေါ်မှ ထိုင်ဆော့ကစားရတာ တစ်နေ့မှ မရိုးနိုင်။ ဘာကစားကြတာလဲ ကြည့်ဦး၊ အဲဒီ သံချပ်ကာကားကြီးပေါ်မှာ အိမ်ကယူလာတဲ့ မုန့်တွေ ထိုင်စား၊ ကစားခုန်တမ်း၊ ပုံပြောတမ်း၊ သံချပ်ကာကားကြီးကိုပဲ လှည့်ပတ်ပြီး စစ်တိုက်တမ်း ကစားကြသည်။ ၈ နှစ်၊ ၁၀နှစ် အရွယ်တွေမို့ မိန်းကလေး၊ ယောကျ်ားလေးမခွဲဘဲ အတူဆော့ ကစားကြသည်လေ။

"ဟော့....မောင်တော့မယ်၊ ပြန်ကြစို့"

နောက်နေ့ညနေခင်း.....

ဆုံနေကြနေရာတွင် မောင်မောင်ရော၊ မင်းမင်းပါညီအစ်ကို နှစ်ယောက်စလုံး ရောက်မလာခဲ့။ ကျွန်မတို့ မောင်နှမသုံးယောက်ရယ်၊ ပုလဲကိုတို့ မောင်နှမနှစ်ယောက်နဲ့ သီဟအောင် ခြောက်ယောက်စလုံး မောင်မောင်တို့တိုက်အိမ်ဘက်ကို မျှော်ကြည့်နေကြသည်။ ထွက်လာနိုးထွက်လာနိုးနှင့်။ မီးမီးတို့ ညီအစ်မနှစ်ယောက်ကလည်း သူ့အဘွားနှင့် ဘုန်းကြီး ကျောင်း လိုက်သွားသည်။ ကစားဖော်နည်းသွားသည်ပေါ့။

"မောင်မောင်တို့အိမ်သွားကြည့်ရအောင်၊ မင်းမင်းနေမကောင်းတာ မသက်သာဘူး ထင်တယ်ဟ"

ကျွန်မက ပြောလိုက်သည်။

"အေး.... ကောင်းတယ်၊ သွားကြမယ်"

မောင်မောင်တို့အိမ်ရောက်တော့ -

"ဟော....ကလေးတွေ လာကြ.....လာကြ၊ မင်းတို့သူငယ်ချင်းနှစ်ယောက်တော့ ဖျားနေပြီ။ မကစားနိုင်တော့ဘူး၊ အဆော့လွန် ကစားလွန်တော့ ဖြစ်တာပေ့ါ။ ညီအစ်ကိုနှစ်ယောက်လုံး ကယောင်ချောက်ချားတွေနဲ့ ဘာတွေပြောမှန်းလဲ မသိဘူး ရယ်လည်းရယ်တယ်၊ တရုတ်လိုလို ဂျပန်စကားလိုလိုနဲ့ ဂျုးဂျုးဝါးဝါး၊ သွား....သွား.... အခန်းထဲကို သွားကြည့်ကြ"

အိပ်ခန်းထဲရောက်တော့ မောင်မောင်ရော မင်းမင်းပါ အိပ်ရာပေါ်မှာ ပြူးကြောင်ကြောင်နဲ့ ပက်လက်လေးတွေ။

"နင်တို့နှစ်ယောက် ဘယ်လိုဖြစ်တာလဲဟ"

"ငါတို့နှစ်ယောက်ဆီကို ဗုံးကျင်းထဲက ဂျပန်စစ်သားကြီး ရောက်လာတယ်ဟ"

"ဟာ..... တကယ်လားကွာ"

သီဟအောင်က နှပ်ချေးနှိုက်နေရာမှ အလန့်တကြား မေးလိုက်သည်။

"ဟုတ်တယ်.....တကယ်ပြောတာ၊ မင်းမင်းနဲ့ငါ့အိပ်မက်က အတူတူပဲ၊ သူ့ဦးထုပ်နဲ့ လက်ကိုင်ပဝါကို လာပြန်ထားဖို့ ပြောနေတယ်"

"နင်တို့နှစ်ယောက် ဒါတွေယူလာတာ အန်တီနဲ့အန်ကယ် မသိဘူးလား။ အဘွားနီကိုရော နင်တို့ ပြောမပြဘူးလား"

"မပြောပြပါဘူး၊ တော်ကြာ ဗုံးကျင်းထဲ ပေးဆော့မှာ မဟုတ်တော့ဘူး"

"အဲဒါ ဘယ်လိုလုပ်မလဲ"

"နင်တို့ သွားထားပေးကြပါလား"

"အမလေး....မထားရဲပါဘူး၊ နင်တို့ဘာသာ ယူလာတာ၊ နင်တို့ ပြန်ထားပေ့ါဟဲ့"

မောင်မောင်က ခေါင်းကုတ်ပြီး စဉ်းစားနေသည်။

"နက်ဖြန် နေကောင်းမှ သွားထားလိုက်မယ်ဟာ.....နော်"

သို့သော် နေကောင်းမလာဘဲ ညီအစ်ကိုနှစ်ယောက် အပျင်းဖျားပါတော့သည်။ ကယောင် ချောက်ချားတွေ တစ်နေ့လုံး ပြောနေသည်တွင် အိမ်သားအားလုံး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြတော့သည်။

ဆေးရုံလည်း သွားကြသည်။ နာမည်ကြီး ပန်ချာပီဆရာဝန်ကြီးကိုလည်း ခေါ်ပြသည်။ ဆေးထိုးဆေးသောက်ပြီး ခဏကောင်းမလို ဖြစ်သည်။ ညနေစောင်းရောက်သည်နှင့် အဖျားတွေတက်၊ ကယောင်ချောက်ချားတွေပြောနှင့် ရှိနေပြန်သည်။ မောင်မောင့်အမေမှာ သား နှစ်ယောက်ကိုကြည့်ပြီး ငိုရသည့်အဖြစ်ပင်ရောက်သွားသည်။ တစ်ညနေ သူငယ်ချင်းတွေ စုပြီး မောင်မောင်တို့အိမ်မှာရှိနေတုန်း။

မောင်မောင်တို့အဖေ၏ သူငယ်ချင်းတစ်ယောက် ရောက်လာသည်။ ပန်ချာပီဆရာဝန်ကြီး နှင့်လည်းခင်သည်။ မောင်မောင်နှင့်မင်းမင်း ကယောင်ချောက်ချား ပြောသည်များကို နားထောင် ပြီး-

"ဟ....ဒီကောင်တွေ ဂျပန်လိုပြောနေတာပဲ၊ ဂျပန်စကားပြောတတ်သလား"

"ဘယ်လို အစ်ကိုကြီး၊ ကျွန်မသားတွေ ဂျပန်စကား ပြောနေတာ ..... ဟုတ်လား"

"ဟုတ်တယ်၊ တစ်ချက် တစ်ချက် ဂျပန်သံတွေ ထွက်နေတယ်။ သိပ်နားမလည်ဘူး၊ ဘယ်လိုဖြစ်တာတုံး"

"မသိပါဘူး အစ်ကိုကြီးရယ်၊ ကျွန်မလည်း မပြောတတ်တော့ဘူး"

လူကြီးတွေ ပြောစကားနားထောင်ရင်း ကျွန်မတို့ သူငယ်ချင်းတွေ

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

ဂျပန်စစ်သားဦးထုပ်နှင့် လက်ကိုင်ပါဂအကြောင်း ပြောလိုက်ရင်ကောင်းမလားဟု သီဟအောင် က တိုးတိုးကပ်ပြောသည်။ မောင်မောင်က ပြောစေချင်သလား၊ မပြောစေချင်သလား မသိ။ ပန်ချာပီဆရာဝန်ကြီးရောက်လာတော့ ကျွန်မ နောက်ဖေးမီးဖိုချောင်ကို အသာထွက်ပြီး ထမင်းဟင်းချက်နေသည့် အဘွားနီကို ပြောပြလိုက်သည်။

"ဟောတော်....ဟိုနေ့က မင်းမင်းကစားပြီးဆောင်းထားတဲ့ ဂျပန်စစ်သားဦးထုပ်က ဗုံးကျင်း ထဲကရတာ ပေါ့၊ ဟုတ်လား"

"ဟုတ်တယ် အဘွားနီ"

"ခက်တော့နေပြီ၊ လူကြီးတွေကိုလည်း ဘာမှမပြောကြပါလား။ ပြန်ထားခိုင်းလိုက်တာ မထားဘူးလား"

"သမီးတို့ကို ထားခိုင်းတာ မထားရဲလို့ မောင်မောင်က သူကိုယ်တိုင် သွားထားမယ်ပြောတယ်"

အဘွားနီက မီးဖိုပေါ်မှဟင်းအိုးကို လက်စသတ်ချလိုက်ပြီး ရေနွေးအိုးတည်လိုက်သည်။

"ကဲ....လာ....လာ...သမီး၊ သူတို့နားသွားရအောင်"

"ကလေးနှစ်ယောက်လုံး ဆေးရုံတင်ထားရင် ကောင်းမယ်ထင်တယ်"

အိပ်ခန်းဝရောက်တော့ ဆရာဝန်ကြီးပြောသံကို ကြားလိုက်သည်။

မောင်မောင်ရော မင်းမင်းပါ သတိလစ်နေကြသည်။ သက်သာဖို့ရာ ဆရာဝန်ကြီးက ဆေးထိုး ပေးသည်။

"လုပ်ပါ ဆရာကြီးရယ်၊ ကျွန်မသားလေးနှစ်ယောက်စလုံးကိုကယ်ပါဦးရှင်၊ ဒုက္ခပါပဲ၊ အဟင့်.....အဟင့်"

"ဘောဘီ"

အဘွားနီက မောင်မောင်တို့အမေကို အသာဆွဲခေါ်လိုက်သည်။ ပြီး အကြောင်းစုံ ရှင်းပြ လိုက်ရာ -

"ဟုတ်ရဲ့လား မေမေရယ်၊ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တာ မဖြစ်နိုင်တာ မေမေ မသိဘူး၊ အရင်ဆုံး အဲဒီ ဦးထုပ်နဲ့ လက်ကိုင်ပါဂ ကို အရင်ရှာကြည့်စမ်း၊ သည်ကလေးတွေနားရှိနေမှာပဲ"

ဟုတ်ပါသည်။ မင်းမင်းခေါင်းအုံးအောက်က ဂျပန်စစ်သားဦးထုပ် ထွက်လာသလို မောင်မောင့် ဘောင်းဘီအိတ်ထဲ လက်ကိုင်ပဝါ ထွက်လာသည်။

ဦးထုပ်နှင့် ပဝါကိုင်ထားသည့် မောင်မောင့်အမေ လက်တွေ တုန်နေသည်။ ပန်ချာပီ ဆရာဝန်ကြီးက နားမလည်စွာ ကြည့်နေသည်။

"အစ်ကိုကြီးရယ်......ဒါတွေ ဟိုအိမ်နောက်ဘက် ဗုံးကျင်းကြီးထဲက သံချပ်ကာကားထဲက ယူလာတာတဲ့လေ၊ အဲဒါတွေ ယူလာပြီးကတည်းက ခုလိုဖြစ်နေတာပဲ။ ခက်လိုက်တာနော်၊ ဒုက္ခပါ ပဲ"

"အစ်ကိုကြီး ကူညီပါဦး၊ ဒါတွေ ပြန်ထားဖို့ ဒီကလေးတွေကလည်း မထားရဲဖြစ်နေတယ်"

အဲဒီ အချိန် မောင်မောင်တို့အဖေလည်း ရုံးကရောက်လာသည်။

"ဟာ......ဒီကောင်တွေ ယူစရာရှားလို့၊ ပေါက်ကရတွေ ပြန်ထားခိုင်းရင် ပြန်ထားလိုက်ပေါ့ ကွာ၊ ခက်တာမှ မဟုတ်တာ"

"ဟဲ့.....အပြင်မှာမှောင်နေပြီ၊ မနက်မှ လင်းလင်းရှင်းရှင်းသာ ထားကြ"

"ကဲ....ကဲ....သားတို့သမီးတို့ ပြန်ကြဦး၊ မနက်မှ ဒါတွေပြန်သွားထားဖို့ လာခဲ့ကြနော်"

အဘွားနီ စကားမဆုံးခင် အားလုံး အိမ်အရောက်အပြေးထွက်ခဲ့ကြသည်။

***

မနက်ရောက်တော့ အသီးသီး မောင်မောင်တို့အိမ် ရောက်နေကြပြီ။ ဆော့ကစားဖို့ သတိမရနိုင်ကြတော့ပါ။

"ဟယ် .....မောင်မောင်၊ နင် နေကောင်းသွားပြီလား"

ရယ်ကျဲကျဲနှင့် ဧည့်ခန်းတွင် ထိုင်နေသော မောင်မောင်ကို တွေ့လိုက်ရတော့ ကျွန်မတို့ ကစားဖော်အားလုံး ပျော်လိုက်တာလေ။

"မင်းမင်းရော"

"ဂျပန်စစ်သားကြီးနဲ့ သွားကစားနေတယ်"

"ဟယ်.......တကယ်လား"

နှစ်ယောက်လုံး ဆေးရုံတင်ရတော့မလိုဖြစ်နေတာ။

"ဟဲ့.....မောင်မောင်၊ နင် တကယ်ပြောနေတာလား"

"အလကား ပြောတာပါ၊ အိပ်တုန်း၊ ညက ဂျပန်စစ်သားကြီးရောက်လာတယ်ဟ၊ သူ့ဦးထုပ်နဲ့ လက်ကိုင်ပဝါ လာယူသွားပြီး သံချပ်ကာကားထဲမှာ ဓားမြှောင်အတိုလေးတစ်ချောင်း ရှိတယ်လို့ပြောသွားတယ်။ ပြီးတော့ သူနဲ့အတူ လာကစားဖို့ ခေါ်ထားတယ်"

ကစားဖော်အားလုံးကို မောင်မောင်က စိတ်ကူးတည့်ရာ လျှောက်ပြောနေခြင်းဖြစ်သည်။

အိပ်မက်ထဲမှာတော့ မောင်မောင်ကိုယ်တိုင် ပြန်ထားရမယ် ဆိုသည်ကြောင့် အိပ်ရာထ နေထွက်သည်နှင့် အဘွားနီရယ် မောင်မောင့်ဖေဖေရယ်၊

မောင်မောင်ရယ် ဂျပန်စစ်သားဦးထုပ်နှင့် လက်ကိုင်ပဝါကိုယူကာ ဗုံးကျင်းထဲရှိ သံချပ်ကာကားကြီးထဲ ပြန်ထားလိုက်ကြသည်။

ထားပြီးသည်နှင့် ကယောင်ချောက်ချားတွေပြောတာ ပကတိလူကောင်းအတိုင်းပင်။ နေမကောင်းဖြစ်တာ ကယောင်ချောက်ချားတွေပြောတာ ဟုတ်မှဟုတ်ရဲ့လား ထင်ရသည်။ ကျွန်မ တို့ကလေးတွေအားလုံးကို လူကြီးတွေက မှာသည်။ နောက်ကို ဗုံးကျင်းထဲ သွားမဆော့ဖို့၊ ဆော့ရင် လည်း တွေ့ကရာ လျှောက်မယူဖို့ အတန်တန်မှာသည်။

ဘာကြောင့် သည်လိုဖြစ်ရသည်ကို ကျွန်မ တွေးမရ။

လူကြီးတွေကွယ်ရာ မောင်မောင်က ကျွန်မတို့ကစားဖော်တွေအားလုံးကို ပြောပြန်သည်။

"ဓားမြှောင်အတိုလေးတစ်ချောင်းရှိတယ်ပြောတယ်ဟ ငါ သွားရှာဦးမယ်"တဲ့

"မင်းကတော့ ရှူးနေပြီ"

သီဟအောင်က ပြောလိုက်သည်။

"ဒီအကြောင်း အဘွားနီကို သွားတိုင်ပြောမယ်၊ သွားကိုပြောမယ်"

ကျွန်မ စိတ်ထဲက ပြောနေခြင်းရယ်ပါ။

***

# ဩသံတိတ်ဘုရားပွဲ

ခေတိတ်ခေတီနှင့် ခေတိတ်ရှာ



## အသံတိတ်ဘုရားပွဲ သို့မဟုတ် စေတိတ်စေတီနှင့် စေတိတ်ရွာ

စည်တော်တိတ်ရွာကို ရှေးအစဉ်အဆက် ရွာသားများတကားတို့က စည်တော်တိတ်..... စည်တော်တိတ်ဟု ခေါ်ရင်းပြောရင်းနှင့် စေတိတ်ရယ်လို့ အသံထွက်ပြီး စေတိတ်ရွာ၊ စေတိတ် စေတီဟူ၍ ဖြစ်ခဲ့ရလေ၏ ။

ရှေးရှေးဘုရားများလက်ထက် ဘုရင့်စစ်တပ်များ စည်တော်တီးလို့ တစ်မြို့တစ်ရွာ ချီတက်သွားကြပြီဆိုလျှင် ဤနေရာ၊ ဤအရပ်ဒေသကို ဖြတ်မိလျှင်၊ ဤနေရာ၊ ဤအရပ်ဒေသကို ဖြတ်မိလျှင်၊ ဤနေရာ ဤအရပ်ဒေသကို ရောက်ခဲ့လျှင် စစ်သည်အများ တီးနေသည့် စည်တော် တွေက အသံမထွက်တော့ဘဲ စည်တော်သံတိတ်ကုန်၏ ။ ဤနေရာ ဤအရပ်ဒေသကို ကျော်သွား လျှင်မူ စစ်သည်အများတီးသည့် စည်တော်သံက ပြန်ထွက်လာသည်။

ဤသည်ကို အမှတ်ရစေဖို့ရာ စည်တော်တိတ်စေတီ (စေတိတ်စေတီ)ရယ်လို့ တည်ထား ကိုးကွယ်ခဲ့ကြသည်။ မည်သည့်ခေတ် မည်သည့်အခါ မည်သူတို့ တည်ားခဲ့သည်ကို အတိအကျ မသိရသေးသော်လည်း နှစ်စဉ် နတ်တော်လပြည့်နေ့တွင် ဘုရားပွဲကို ကျင်းပကြမြဲ ဖြစ်သည်။ စေတီဘုရားပွဲပေ့ါ။

ရှေးယခင်ကစလို့ ယနေ့ထက်တိုင် စေတိတ်ဘုရားပွဲကို နှစ်စဉ်နှစ်တိုင်း မပျက်မကွက် ကျင်းပရပါသည်။ နတ်တော်လပြည့်မှသည် လပြည့်ကျော် ၂ ရက်၊ ၃ ရက်တိုင် ကျင်းပပေးရသည့် ရက်တိုဘုရားပွဲဖြစ်သည်။ စေတိတ်ဘုရားသမိုင်းကို ဘုရားပွဲကျင်းပ၍ သမိုင်းကြောင်းကို ဖော်ပေး ရသည်ဟု အဆိုရှိသည်။

အတော်လေး စည်ကားသည့်ဘုရားပွဲပင် ဖြစ်သည်။ အနီးအနားရွာကြီး

ရွာငယ်လေးငါးရွာ မှ လူအများက လှည်းနှင့်တစ်ဖုံ၊ ဆိုင်ကယ်နှင့်တစ်သွယ်၊ စက်ဘီးနှင့်တစ်မျိုး ကုန်းကြောင်းခြေကျင် စသဖြင့် စေတိတ်ဘုရားပွဲ ကျင်းပရာဆီ မရောက်ရောက်အောင် လာကြသည်။

ထူးဆန်းသည်က စည်တော်သံ၊ ဆိုင်းသံ၊ ဗုံတီးသံမှုတ်သံတို့ကို နီးနီးဝေးဝေးမှာရှိသည့် ရွာများ မကြားရသည်ကထား၊ အနီးလေးမှာရှိသည့် ပေ ၅၀ဝ ပင်မပြည့်တတ်သည့် စေတိတ်ရွာပင် လျှင် တီးမှုတ်သံတို့ကို မကြားရ။ စေတီနှင့်ရွာ နီးပါသည်။

စေတိတ်စေတီက တောင်ကုန်းမို့မို့တွင် ရှိသည်။ စေတီတစ်ဝိုက် တောင်ကုန်းမြေက ကျယ် သည်။ ပြန့်သည်။

ရွာတစ်ရွာ အလှူရှိလျှင် ရွာဓလေ့ ရွာထုံးစံအရ အလှူမင်္ဂလာပွဲတိုင်း စည်တော်သံသွင်း၍ အိုးစည်ဒိုးပတ်အဖွဲ့နှင့် တီးမှုတ်ကခုန်ကြသည်ကို နီးနီးဝေးဝေးမှရွာများအားလုံးလိုလို ကြားနေ ကြရ ပါသည်။ တော်တော်အလှမ်းဝေးသည့် ရွာဖြစ်ပါစေ သီဆိုတီးမှုတ်ကခုန်ကြသည့် အသံတွေ ကို သဲ့သဲ့တော့ ကြားရပါသည်။

ဤသို့ဆိုလျှင် ဘယ်ရွာမှာဖြင့် အလှူမင်္ဂလာပွဲများရှိသည်ကို မဖိတ်ပါဘဲနှင့် သိနိုင်သည်။ လေကြောင်းကိုလိုက်၍ အသံတို့က ဝေ့ဝဲလို့နေသည်ကိုး။ အသံုးကြားရုံနှင့် ပွဲရှိသည်ကို သိနိုင်သည်။

ဘုရားပွဲဆိုမှတော့ အတီးအမှုတ်၊ အကအခုန်၊ ဆိုင်းသံဗုံသံတွေက မရပ်မနား၊ တရစပ် ကျယ်လောင်စွာနှင့် ကြားနေကြရမည်မှာ မလွဲပါ။

သို့သော် ယခု စည်တော်တိတ်စေတီ (စေတိတ်) ဘုရား၏ ဘုရားပွဲမှာတော့ ဘုရားပွဲရှိ သည်ဟု သိထားသူတို့သည် စေတိတ်ဘုရားကို ရောက်ကာမှ အမှန်တကယ် ဘုရားပွဲခင်းထဲ ရောက်ပါမှ စည်သံ၊ ဆိုင်းသံ၊ ဗုံသံတွေက ဝက်ဝက်ကွဲ ဆူလို့ညံလို့ တီးလို့ မှုတ်လို့ ထင်စရာပင် မရှိ။

ဘုရားပွဲကျင်းပရာနေရာကိုရောက်ခါနီး သိပ်မကွာသော နေရာ မီးရောင်လေးတွေ လင်းလင်းလက်လက် မှိတ်တုတ်မှိတ်တုတ် လှမ်းလို့မြင်နေပေမဲ့ စည်သံဆိုင်းသံ၊ ဗုံသံ၊ တီးသံ မှုတ်သံတို့ကို မကြားရဘဲ တိတ်လို့ဆိတ်လို့နေပါသည်။

ဘုရားပွဲ ကျင်းပနေသည်ဟု ပြော ယုံစရာပင်မရှိ၊ တိတ်လို့ ဆိတ်လို့နေသည့်ကိုး။

***

ကျွန်မက ရေလယ်ရွာဇာတိ ရေလယ်ဆိုသည့်အတိုင်း ရွာပတ်လည် ရေတွေဝိုင်းလို့ ရှိနေ သည်။ ရေလယ်ရွာဇာတိဆိုပေမဲ့ ကျွန်မငယ်စဉ်ကတည်းက ဆွေမျိုးတော်သူ အစ်ကိုကြီး၊ အစ်မ ကြီးတွေနှင့် ရန်ကုန်မြို့ကြီးမှာ အနေများသည်။ ရန်ကုန်သူ တစ်ပိုင်းဖြစ်နေပြီ။

အမိ၊ အဘ၊ မောင်နှမတွေရှိရာ ရေလယ်ရွာကို ပြန်ရောက်သလို ဘုရားပွဲကျင်းပသည့် အချိန်နှင့် တိုက်ဆိုင်နေလေတော့ အစ်ကိုဖြစ်သူက စေတိတ်ဘုရားပွဲကို သွားရန် စီစဉ်သည်။ ကျွန်မရောက်ဖူးချင်သည်နှင့် အတော်ဖြစ်သွားသည်။

မောင်နှမသုံးယောက် ဆိုင်ကယ်တစ်စီးဖြင့် ညနေစောင်းမှောင်ရီပြိုးပြအချိန် စေတိတ် ဘုရားပွဲရှိရာ ထွက်ခဲ့ကြသည်။

ကျွန်မတို့ ရေလယ်ရွာမှ လက်ပံရွာ၊ ရွှေကြီးကုန်းရွာ စသည့် ရွာနှစ်ရွာ၊ သုံးရွာဖြတ်ပြီးမှ စေတိတ်ဘုရားပွဲကို ရောက်မည်ဖြစ်သည်။ စည်တော်တိတ်ရွာ (စေတိတ်ရွာ) စည်တော်တိတ် ဘုရား (စေတိတ်ဘုရား)ကို အတော်လေးသွားရသည်း။ လမ်းတွေကကြမ်းသည်။ ကျဉ်းသည်။ အသွားအပြန် လှည်းနှစ်စီးဆုံလျှင် ရှောင်တိမ်းလို့မလွယ်။

ကုန်းတက်ကုန်းဆင်းများ၊ ကမူများ၊ လယ်ကန်သင်းရိုးများ၊ ရေတိမ်ချောင်းများကို ဖြတ်ရ သည်။ ရေတိမ်ချောင်းရောက်လျှင်မူ

ဆိုင်ကယ်ပေါ်မှဆင်း၊ ရေထဲလမ်းလျှောက် ကုန်းကြောင်း ဖြတ်ရသည်။ အမှောင်ဓာတ်က စိုးမိုးနေပြီ။ အစ်ကိုဖြစ်သူက ဆိုင်ကယ်ကိုတစ်ရှိန် ထိုးမောင်းလို့ တစ်ဖက်ချောင်းကမ်းစပ်ကို တက်သွားသည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်မှာ ချောင်းရေထဲ ထဘီကို ဒူးဆစ်ကျော်အောင် မ,လို့ ရေထဲဖြတ်လျှောက်ရသည်။

မောင်နှင့်မည်းမည်းသွားရသည်မို့ ပျော်စရာလည်းကောင်း၊ ကြောက်စရာလည်းကောင်း နေ သည်။ အခြောက်အလှန့်နှင့် အနှောင့်အယှက်ပြုတတ်သည့်နေရာများတွင် ဖြတ်ရသည်မို့ ဘုရားစာ အစုံကိုလည်းနှုတ်မှ တတွတ်တွတ် ရွက်နေရသည်။ ကျောချမ်းစရာ ကောင်းလှပါသည်။

ထိုနေရာများရောက်တော့မည်ဆိုရင် အလိုလို စိတ်ကသိနေသည်။ မျက်စိကိုစုံမှိတ်လို့ အစ်ကိုကြီးခါးကို အတင်းအကျပ် ဖက်ထားမိသည်။ အစ်မလုပ်သူက နောက်က၊ ကျွန်မက အလယ်ကမို့ တော်သေးသည်။ ကြောက်တာကတော့ အတော့်ကိုကြောက်သည်။

ဘုရားပွဲရောက်ခါနီး ပြီဆိုပါမှ ရင်ထဲအေးသလိုဖြစ်သွားသည်။ မီးရောင်လေးတွေ ပြိုးပြိုး ပြက်ပြက် မှိတ်တုတ်မှိတ်တုတ် လှမ်းမြင်နေရသည်။ နီးလာပြီပေ့ါ။ ဟင်း....ပျောက်သွားပြန်ပြီ။ သရက်ပင်မည်းမည်း၊ အုပ်ဆိုင်းဆိုင်းတွေထဲဝင်သွားလို့ ဖြစ်သွား။ အမေတို့ပြောဖူးတဲ့ ကြပ်ရွာ တော့ မဖြစ်နိုင်ပါဘူး။ ကျွန်မတွေးရင်း ကြက်သီးထသွားသည်။

အဘတို့၊ အမေတို့ တစ်ခါ တောထဲမှာ သစ်ခုတ်ဝါးခုတ်ရင်း ညနေစောင်းကြီး မျက်စိလည် လမ်းပျောက်ပြီး ကြပ်တွေကို တွေ့ဖူးခဲ့သည်တဲ့။ ညအချိန် လသာသာမှာ တစ်ရွာလုံး မီးလေးတွေ မှိတ်တုတ်မှိတ်တုတ်နဲ့လင်းနေတာတဲ့။ ယောကျာ်း၊ မိန်းမ အကုန် ဖြူသန့်သန့်နဲ့ ရုပ်တွေကလည်း ဆင်တူ၊ အသက်အရွယ်တွေကလည်း မတိမ်းအယိမ်းတဲ့။ သူတို့ခေါ်လို့ အိမ်ပေါ်တက်၊ သူတို့ ကျွေး တာစားပြီး တစ်ရေးတစ်မော

အိပ်ပျော်သွားကြတာ၊ လင်မယားနှစ်ယောက် မိုးလင်းနိုးတော့ ချုံပုတ်တွေ ပေါ်မှာ ရောက်နေတယ်တဲ့။ ပါလာတဲ့ ဆေးလိပ်တောင့်တွေ၊ ထမင်းချိုင့်တွေက မနီးမဝေးမှာ မှောက်လို့လှန်လို့ ပြန့်ကျဲနေသည်တဲ့။

အမလေး ကြောက်စရာကြီး။

ဟော.....စေတီတ်ရွာထဲဝင်လာပြီး ဘုရားပွဲခင်းထဲရောက်တော့မှာပေ့ါ။ ဘုရားပွဲခင်းကို လှမ်းလို့မြင်နေရသည်။ သို့သော် စည်တော်သံ၊ ဆိုင်းသံ၊ ဗုံသံ၊ တီးမှုတ် သီဆို ကခုန်တာတွေ သဲ့သဲ့မျှပင် မကြားရ။ ဘယ်လိုပါလိမ့်။ ဘုရားပွဲရှိတာမှ ဟုတ်ရဲ့လား။

အဲ.....ကြားရပြီ၊ ကြားရပြီ။ အသံတွေက တဖြည်းဖြည်း ကျယ်လာသည်။ ဘုရားပွဲခင်းထဲ ကို ရောက်ပါပြီ။ ဘုရားပွဲလာတဲ့ ပရိသတ်တွေ အများကြီးပါလား။ ဒိုးပတ်ဝိုင်းနဲ့ ကနေလိုက်ကြတာ၊ မြူးနေလိုက်ကြတာ ပျော်စရာကြီး၊ ဆူလို့ညံလို့ရှိနေသည်။

စျေးဆိုင်တန်းတွေကလည်း နေရာအပြည့်။

ဟိုဘက်နားမှာလည်းတစ်ဝိုင်း၊ သည်ဘက်နားမှာ တစ်ဝိုင်း။

အိုးစည်ဒိုးပတ်ဝိုင်းတွေ အပြိုင်အဆိုင်ပါလား။ သည်လောက် အားရပါးရ ဆိုတီးနေကြတာ နီးနီးနားနား ရွာတွေကနေ တကယ့်ကို မကြားရတာ အတော့်ကို ထူးဆန်းလို့နေသည်ပဲ။ ထားတော့။

သည့်ထက် ထူးဆန်းနေသည်က.....

စည်တော်တိတ်ဘုရား (စေတိတ်ဘုရား)နှင့် စည်တော်တိတ်ရွာ (စေတိတ်ရွာ) အတော် လေး နီးပါသည်။ ရွာ၏ အနီးမဝေး အစွန်မကျတကျ တောင်ကုန်းပေါ်မှာကျင်းပသည့် စေတိတ် ဘုရားပွဲ။

သည်ဘုရားပွဲမှ စည်တော်သံ၊ ဆိုင်းသံ၊ ဗုံသံတွေက

တစ်ဆက်တစ်စပ်တည်းရှိနေသည့် စေတိတ်ရွာထဲကိုတောင် ရောက်မလာသည်က အတော်ကြီးကိုထူးဆန်းလို့နေပါသည်။

ယနေ့ထက်တိုင် ဤသို့ ထူးဆန်းနေသည်က ဤအရပ်ဒေသ၊ ဤနေရာ၏ သမိုင်းကြောင်း အမှန်ပင် ဖြစ်ပါလိမ့်မည်။

(မှတ်ချက် - ကိုယ်တိုင်ရောက်ရှိခဲ့သည့် စည်တော်တိတ်ဘုရား (စေတိတ်ဘုရား)ပွဲ ဖြစ်ရပ်မှန် ဖြစ်ပါသည်။)

***